ပင်ခင်ကျေးရွာအုပ်စု၊ ပင်စုံကျေးရွာ

ပင်လောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစာတမ်း

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ပင်ခင်ကျေးရွာအုပ်စု၊ ပင်စုံကျေးရွာ၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၃၀) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၇
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၃
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၄	၁၄
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၅	၁၇
၁၈	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၁၈	၁၉
နောက်ဆက်တွဲများ			
၁၉	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၀	၂၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိ အဖွဲ့စည်းများနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် လက်ရှိကျေးရွာနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှလည်း ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့
ပင်စုံကျေးရွာ၊ပင်ခင်ကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်

ပင်လောင်းမြို့နယ်၊ ပင်စုံကျေးရွာ၏ သယံဇာတပြမြေပုံ




5

ပင်လောင်းမြို့နယ်၊ ပင်စုံကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



ပင်လောင်းမြို့နယ်၊ ပင်စုံကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ပင်စုံကျေးရွာသည် ပင်လောင်းမြို့နယ်၏ အနောက်မြောက်ဘက် (၄၂/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရခက်ခဲပြီး ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာအုပ်စု၊ ဆည်ခေါင်းကျေးရွာလမ်းခွမှ သွားရောက်နိုင်ပြီး မိုးရာသီတွင်သွားလာရန် အလွန်ခက်ခဲပါသည်။ ပင်စုံကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ စပါး၊ နှမ်း၊ နန္နင်းစသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၂.၀၉ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှုမှာ တောင်ပေါ်ဒေသ ဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့်ဒေသဖြစ်ပါသည်။

၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ပင်စုံကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါ သည်။ ကျေးရွာ၏အရှေ့ဘက်တွင် စာသင်ကျောင်း၊ အနောက်ဘက်နှင့် တောင်ဘက်တွင် တောင် ယာမြေများရှိပြီး ကျေးရွာ၏ မြောက်ဘက်တွင် ကန့်ချုပ်ဒိုင်ကျေးရွာ တည်ရှိပါသည်။ ကျေးရွာ၏ လယ်ယာမြေများသည် မြေဆီလွှာကောင်းမွန်မှု အသင့်တင့်ရှိပါသည်။ ကျေးရွာပိုင်စိမ့်စမ်းရေရှိသည့် အတွက် သောက်သုံးရေအရင်းအမြစ် အဆင်ပြေသည့် ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ အတွင်းနှင့် ကျေးရွာအနီးနားတွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ပင်စုံကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့၊ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ပညာရေး၊ ရေကော်မတီ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများလည်းရှိပြီး "မယ်ဖာလုံ" ကဲ့သို့သော ပြင်ပအသင်းအဖွဲ့လည်းရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြပါသည်။ ပြင်ပမှလူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှု အနည်းငယ်အားနည်းကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့ အစည်းအနေဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်း များအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာရှိပါသည်။

၄။ **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

(က) သီးနှံစိုက်ပျိုးရေး

ပင်စုံကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏(၆)စုသည် အဆင်ပြေသောအိမ်ထောင်စု၊ (၂၅)စုသည် အလယ်အလတ်အိမ်ထောင်စု၊ (၆၇)စုသည် ဆင်းရဲသောအိမ်ထောင်စုနှင့် ကျန်(၁၂)စုသည် အလွန်ဆင်းရဲသောအိမ်ထောင်စုများအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အတင့်တင့်အနေအထားရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိသဖြင့် ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေအနေဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ်မရှိပါ။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံ များစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်မတည်မငြိမ်ခြင်းတို့များကြောင့် တောင်သူများအမြတ်ရရှိမှု နည်းပါးပါသည်။ အလယ်အလတ်အဆင့်ရှိသော စိုက်ပျိုးရေးလုပ်ကိုင်ကြသည့် အိမ်ထောင်စုများအပြင် အခြားဆင်းရဲသော အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြားသော ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ပင်စုံကျေးရွာတွင် တနိုင်တပိုင်မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၂)စုရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အိမ်ထောင်စုများမရှိပါ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ပင်စုံကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ရေနှင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ကြခြင်းမရှိပါ ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ပင်စုံကျေးရွာတွင် စီးပွားဖြစ်ထုတ်ကုန်လုပ်ငန်းများမရှိပါ။ ပန်းရံ၊ လက်သမား များ၏ ဆရာအဆင့်မှာ ၁၀၀၀၀/ကျပ် မှ ၁၅၀၀၀/ကျပ်အထိရပါသည်။ အလုပ်ကြမ်းသမား အဆင့် မှာ ၆၀၀၀ မှ ၈၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသော ကျေးရွာ အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီး များလည်း

တစ်နေ့လျှင် လုပ်အားခမှာ (၅၀၀၀)မှ (၆၀၀၀)ကျပ်အထိ ရရှိကြပါသည်။ ပင်စုံကျေးရွာတွင် လုပ်အားခရရှိမှုမှာ ဆောက်လုပ်ရေးလုပ်ငန်းများမှလွဲ၍ အမျိုးသားနှင့်အမျိုးသမီး တူညီစွာ ရရှိကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်းစသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာရိန်း၊ ဂဟေဆက်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင် (ဝပ်ရှော့)ပြင်သင်တန်း စသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများတွင် အခွင့်အလမ်းနည်းပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ပင်စုံကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် "မြစိမ်းရောင်"ချေးငွေနှင့် ပုဂ္ဂလိကချေးငွေအသင်းများထံ ချေးငွေများကို ချေးယူကြပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအား အလုံအလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများ ထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း (၅)ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။ ထိုသို့ချေးယူရာတွင်လည်း အပေါင်ခံပစ္စည်းပေါင်နှံထားရန် လိုအပ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ပင်စုံကျေးရွာတွင် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စာသင်ဆောင်တစ်ဆောင်နှင့် ပညာရေးဌာနမှ ၂၀၁၈ ခုနှစ်တွင် Pielot Project ဖြင့် စာသင်ဆောင်တစ်ဆောင် စုစုပေါင်း(၂)ဆောင် ဆောက်လုပ်ခဲ့ပါသည်။ အတိုင်းအတာအားဖြင့် (၁၂၀'x၁၅'x၁၁') စာသင်ဆောင်တစ်ဆောင်နှင့် (၆၀'x၃၀'x၁၂')တစ်ဆောင် တည်ဆောက်ခဲ့ပါသည်။ လက်ရှိတည်ဆောက်ထားသည့် စာသင်ဆောင်နှင့် ကျောင်းသူ/သားဦးရေ မျှတမှုရှိပါသည်။ ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး မရှိသေးပါ။ ကျေးရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်နေခြင်းကြောင့် ရာသီမရွေး အသုံးပြုနိုင်ရန်နှင့် ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများစွာရှိပါသည်။ အဆိုပါလမ်းများကို ရာသီမရွေး သွားလာအသုံးပြုနိုင်ရန်အတွက် ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်နိုင်ရေး သက်ဆိုင်ရာ ဌာနများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ပါရန် ကျေးရွာသူ/သားများက လိုလားနေကြပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရ အခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေး အနေဖြင့် တစ်အိမ်သုံးဆိုလာများကို တပ်ဆင်အသုံးပြုလျက်ရှိကြသော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း မရရှိသဖြင့် တာဝါတိုင်များ တည်ဆောက်စိုက်ထူရန်လိုအပ်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့်

ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သောလုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

၆။ **ပညာရေး**

ပင်စုံကျေးရွာ၏ ပညာရေးကဏ္ဍသည် အခြေခံပညာမူလတန်း(လွန်)အဆင့်ရှိပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် တည်ဆောက်ထားသော စာသင်ကျောင်း(၁)ဆောင်နှင့် Pielot Project ဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်(၁)ဆောင်ရှိပြီး၊ ထိုစာသင်ကျောင်းများသည် ကျောင်းသူ/သားများဦးရေနှင့် ညီမျှပါသည်။ ကျေးရွာရှိ ကျောင်းသားများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာ အလယ်တန်းကျောင်းအဆင့် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန်အတွက် ကျေးရွာသူ/သားများအနေဖြင့် လိုလားနေကြပါသည်။

လက်ရှိတွင် အလယ်တန်းနှင့် အထက်တန်းပညာရေးကို တီကျစ်နှင့် နောင်တရားမြို့အထိ သွားရောက်သင်ကြား ကြရပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော မူလတန်းကျောင်းသားဦးရေ(၁၁၄)ဦး၊ အလယ်တန်း(၂၃)ဦး၊ အထက်တန်း(၃)ဦးနှင့် တက္ကသိုလ်အဆင့်(၁)ဦးရှိပါသည်။ အတန်းပညာပြီးမြောက်မှုအနေဖြင့် မူလတန်းအဆင့် (၁၄၆)ဦး၊ အလယ်တန်းအဆင့် (၃၈)ဦး၊ အထက်တန်းအဆင့် (၃၀)ဦးနှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၃)ဦးရှိပြီး စာမတတ်သူ (၈၀)ဦးရှိပါသည်။ ရွာသူရွာသားများ အများစုအနေဖြင့် စာရေးတတ်၊ ဖတ်တတ်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်းပညာရေးတွင် ပညာသင်ကြားမှုနှုန်း မြင့်မားသော်လည်း နယ်ဝေးတွင်သွားရောက်သင်ယူကြရသဖြင့် အလယ်တန်းနှင့်အထက်တန်းအထိ ပညာသင်ကြားမှု နည်းပါးပါသည်။

၇။ **ကျန်းမာရေး**

ပင်စုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ပင်ခင်ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြရပြီး အရေးပေါ်ကိစ္စရပ်များအတွက် နောင်တရားတိုက်နယ်ဆေးရုံနှင့် ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသမှုခံယူကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စိမ့်စမ်းရေနှင့် မိုးရေလှောင်ကန်တို့ကို အသုံးပြုကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို ယင်လုံ အိမ်သာစနစ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ် သုံးစွဲကြသည်။ အိမ်သာမရှိသည့်အိမ်ထောင်စု (၃၅)စုရှိပါသည်။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသဖြင့် ကျောင်းသူ/ သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ပင်စုံကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌တောင်ကျရေကြီး၍ မြေပြိုခြင်း၊ ရံဖန်ရံခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ နှမ်းလုံးနှင့် နန္တင်းစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများ သုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများ အနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုအားနည်းခြင်းနှင့် အသိပညာ ဗဟုသုတများ သိရှိမှုအားနည်းခြင်းတို့များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြင့်တင်ဆောင်ရွက် ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ပင်စုံကျေးရွာတွင် ကျား၊ မရေးရာ ဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ပင်စုံကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါ သည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်၍ စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြင်တွင်း/ပြင်ပအဖွဲ့အစည်းများနှင့် အခြားသော အေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေး နှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ

ဌာနဆိုင်ရာများနှင့် ကျေးရွာလူထုများမှ ဆက်လက်ပူးပေါင်းဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၂၄ ၂၀၂၅	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉
၁	ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း	၁	√				
၂	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၂	√	√			
၃	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၃	√	√			
၄	လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း	၄		√	√	√	√
၅	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း (၁/၀)မိုင်	၅		√	√	√	√
၆	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၆		√	√	√	√
၇	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၇		√	√	√	√

၁၁။ ပင်စုံကျေးရွာ၏ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက် သွယ်တန်းခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	၁၀	၁၀	၉	၁၀	၉	၄၈	၂
၃	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၈	၁၀	၁၀	၈	၉	၄၅	၃
၄	လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း	၈	၈	၇	၉	၈	၄၀	၄
၅	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အမှတ်(၁/၀)မိုင်	၇	၇	၇	၅	၇	၃၃	၅
၆	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၆	၆	၅	၆	၆	၃၅	၆
၇	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၅	၅	၅	၅	၄	၂၄	၇

၁၂။ ပင်စုံကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးသိန်းနိုင်	ဦးလွိုင်	၁၃/ပလန(နိုင်)၁၃၈၉၁	ဥက္ကဋ္ဌ	
၂	ဦးမောင်အေး	ဦးလှိုင်	၁၃/နတရ(နိုင်)၀၀၅၄၅၆	အတွင်းရေးမှူး	
၃	ဦးမောင်သန်း	ဦးမြောက်	၁၃/ပလန(နိုင်)၀၅၀၅၇၄	ဘဏ္ဍာရေးမှူး	
၄	ဦးညို	ဦးဖိုးဆိုင်	၁၃/နတရ(နိုင်)၀၂၂၅၀၅	စာရင်းကိုင်	
၅	ဒေါ်သိန်းမေ	ဦးတူးလေး	၁၃/ပလန(နိုင်)၁၂၅၄၃၅	အဖွဲ့ဝင်	
၆	ဒေါ်မေစိုး	ဦးမောင်ပိန်	၁၃/နတရ(နိုင်)၀၁၃၈၃၁	အဖွဲ့ဝင်	
၇	ဒေါ်မိုးပေ	ဦးမောင်	၁၃/နတရ(နိုင်)၀၂၂၄၁၀	အဖွဲ့ဝင်	

၁၃။ ပင်စုံကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးသိန်းနိုင်	ဦးလွိုင်	၁၃/ပလန(နိုင်)၁၃၈၉၁	ဥက္ကဋ္ဌ	
၂	ဦးမောင်အေး	ဦးလှိုင်	၁၃/နတရ(နိုင်)၀၀၅၄၅၆	အတွင်းရေးမှူး	
၃	ဦးမောင်သန်း	ဦးမြောက်	၁၃/ပလန(နိုင်)၀၅၀၅၇၄	ဘဏ္ဍာရေးမှူး	
၄	ဦးညို	ဦးဖိုးဆိုင်	၁၃/နတရ(နိုင်)၀၂၂၅၀၅	စာရင်းကိုင်	

၁၄။ စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ပင်စုံကျေးရွာ
ကျေးရွာအုပ်စု	- ပင်ခင်ကျေးရွာအုပ်စု
မြို့နယ်	- ပင်လောင်းမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

စီမံချက်အမည် - ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

ကျွန်တော်တို့ကျေးရွာတွင် သောက်သုံးရေအလွန်ခက်ခဲသဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန်အတွက် **VDP** စီမံကိန်းဖြင့် ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပါက ကျေးရွာအတွက် များစွာအကျိုးပြုမည်ဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

VDP စီမံကိန်းဖြင့် ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းအား ဆောင်ရွက်သွားပါမည်။ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းရန်အတွက် ကျေးရွာသူ/သားများကိုယ်တိုင် ရွေးချယ်အတည်ပြုထားပြီးဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

(VDP) စီမံကိန်းရန်ပုံငွေနှင့် ပြည်သူထည့်ဝင်များဖြင့် ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျေးရွာအတွက်များစွာ အကျိုးပြုအထောက်အကူပြုမည် ဖြစ်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေ များဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • ၄၇၀၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၉၉	၂၀၁	၄၀၀	၆	၂၅	၆၇	၁၂	၁၁၀
အကျိုးခံစားမည့်သူ ဦးရေ	၁၉၉	၂၀၁	၄၀၀	၆	၂၅	၆၇	၁၂	၁၁၀
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂-၁၂-၂၀၂၄
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၁၇-၁၂-၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှတာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၅။ **ပင်စုံကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	သောက်သုံးရေခက်ခဲခြင်း	ရေစုကန်နှင့်ရေပိုက်လိုအပ်ခြင်း	ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်ရှိခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း
၂	အစည်းအဝေးပြုလုပ်ရန်နှင့် စုရုပ်ပြလုပ်ရန်နေရာခက်ခဲခြင်း	ကျေးရွာခန်းမဆောင်မရှိခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေရာလှူဒါန်းနိုင်ခြင်း၊ လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း
၃	မိုးရာသီအချိန်တွင် သွားလာရ ခက်ခဲခြင်း	ကျေးရွာတွင်းလမ်းများ မြေသားလမ်းဖြစ်နေဖြင်း	လူထုလုပ်အားနှင့် ကုန်ကြမ်း သဲ၊ကျောက်ပေါများခြင်း	နည်းပညာအခက်အခဲနှင့်ငွေကြေး	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း
၄	လျှပ်စစ်မီးအသုံးပြုနိုင်ရန် ခက်ခဲခြင်း	လျှပ်စစ်မီးမတပ်ဆင်နိုင်သေးခြင်း	ကျေးရွာမှလိုအပ်သည်များပါဝင်နိုင်ခြင်း၊စိတ်အားထက်သန်မှုရှိခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	ထုတ်ကုန်များ သယ်ယူပို့ဆောင်ရာတွင်ခက်ခဲခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ လမ်းကျဉ်းမြောင်းခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေရာလှူဒါန်းနိုင်ခြင်း၊ စိုက်ပျိုးရေးအကျိုးပြုဇကာများပြားခြင်း	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း အမှတ်(၁/၀)မိုင်
၆	ဆရာ/မ များအတွက် နေထိုင်စရာခက်ခဲခြင်း	ဝန်ထမ်းအိမ်ရာမရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း၊	- သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း
၇	ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီခြင်း	ကျေးရွာတွင်ဆေးပေးခန်းမရှိခြင်း	-လုပ်အားထည့်ဝင်နိုင်ခြင်း၊မြေနေရာရှိခြင်း	-ငွေကြေးအခက်အခဲရှိခြင်း	-သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်		စုစုပေါင်း
					ကျား	မ	
၁ နှစ် အောက်	နို့စို့အရွယ်	၅	၁	၆	၁	၃	၄
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၅	၁၂	၂၇			
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၅	၁၀	၂၅			
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၇	၃၆	၇၃			
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၉	၁၂၉	၂၄၈			
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၈	၁၃	၂၁			
စုစုပေါင်း		**၁၉၉**	**၂၀၁**	**၄၀၀**			
စုစုပေါင်း အိမ်ထောင်စု		**၁၁၀**					

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေ စုစုပေါင်း ကျား/မ (၄၀၀)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သော ကျား/မ ဦးရေမှာ (၂၄၈)ဦးရှိပြီး ၊ မသန်စွမ်းသူ ကျား(၁)ဦး၊မ(၃)ဦးရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ (၁၁၀)နှင့် အိမ်ထောင်စု (၁၁၀)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၀၀	၃၅၀	၁၆	၂၁	၂၉		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်	၂	၅					မြင့် ☐ လတ်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀		၁၀			မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂		၂			မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၁၁၄	၃၆၇	၁၆	၃၃	၂၉		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် အပ်ချုပ်စက်၊ ကား/ဆိုင်ကယ်ပြင် လုပ်ငန်းလုပ်ကိုင်သူ များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀		၁၀၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးလုပ်ငန်းများ ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား သတ်မှတ်မှုမှာ တန်းတူဖြစ်ပြီး အခြားသော ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင် လုပ်အားခသတ်မှတ်ထားမှု ကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၃၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၂၃၀**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်ယာမြေတစ်မျိုးတည်းကိုသာပိုင်ဆိုင်ပြီး မြေဆီ/မြေဩဇာ အသင့်အတင့် ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးနားတွင် ကျောက်ပေါများပါသည်။ ကျေးရွာပိုင်သစ်တောများ မရှိသည့်အတွက် သဘာဝ တိရစ္ဆာန်မျိုးစိတ်များနှင့် အပင်မျိုးစိတ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၂၅	၆၇	၁၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနှင့် ဥစ္စာဓန ပြည့်စုံသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး ကျန်ရှိသော အိမ်ထောင်စုများမှာ အလယ်အလတ်အတန်းစားရှိပြီး မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လ ကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လ အထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအတွက် တောင်ယာစပါးများ စိုက်ပျိုးကြသဖြင့် ဝမ်းစာဖူလုံမှု ရှိကြပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၂	၃	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၈		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲ သည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုကျား(၅)ဦးရှိပြီး အမျိုးသမီး ဦးဆောင် အိမ်ထောင်စု နှင့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု(၁၆)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ် လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ			
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်	နိမ့်
၁	မြစ်ရေကြီးမှု	✔			✔			

၂	ရေကြီးခြင်း			✔	✔			
၃	မုန်တိုင်း	✔			✔			
၄	ဆူနာမီ	✔			✔			
၅	တိုင်ဖွန်းမုန်တိုင်း	✔			✔			
၆	လေဆင်နာမောင်း	✔			✔			
၇	ငလျင်	✔			✔			
၈	အပူလွန်ကဲခြင်း	✔			✔			
၉	စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှု	✔			✔			
၁၀	အအေးလွန်ကဲခြင်း	✔			✔			
၁၁	မိုးသီးမုန်တိုင်း			✔	✔			
၁၂	မိုးခေါင်ခြင်း	✔			✔			
၁၃	တောမီးလောင်ခြင်း			✔	✔			
၁၄	မြစ်ကမ်းပါးပြိုခြင်း	✔			✔			
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✔			✔			
၁၆	မြေပြိုခြင်း			✔	✔			
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**				
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✔		✔			
၁၈	သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ ရေ)			✔	✔			
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း	✔			✔			
၂၀	သစ်တောပြုန်းတီးခြင်း			✔	✔			
၂၁	၄က်ဖျားရောဂါ		✔		✔			
၂၂	တီဘီရောဂါ	✔			✔			
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✔			✔			
၂၄	ကူးစက်ရောဂါ			✔	✔			
၂၅	ပြည်တွင်း ပဋိပက္ခ	✔			✔			
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု		✔		✔			
၂၇	လူကုန်ကူးခြင်း	✔			✔			
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်း စသည်			✔	✔			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်းနှင့် လမ်းပန်းခက်ခဲခြင်းစသည့် အချက်များမှာ ထိခိုက်လွယ်မှုမြင့်မားကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု : ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်အောင် အစီအမံများ		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✔			✔		
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု			✔	✔		
၃	ဆင်းရဲသားတောင်သူ			✔	✔		
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	✔			✔		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✔			✔		
၆	မတော်တဆမှု ဖြစ်နိုင်ချေများသော နေရာတွင် နေထိုင်သူများ	✔			✔		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	✔			✔		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✔			✔		
၉	ငါးကန်ပိုင်ရှင်များ	✔			✔		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ			✔	✔		
၁၁	လူနည်းစုလူမျိုးများ	✔			✔		
၁၂	ဒေသတွင်း ပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ			✔	✔		
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	✔			✔		
၁၄	ရွှေတွင်းလုပ်သားများ	✔			✔		
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	✔			✔		
၁၆	နေရပ်ပြန် အခြေချသူများ	✔			✔		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✔			✔		
၁၈	ကားမောင်းပြီး အသက်မွေးသူများ	✔			✔		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူငယ်/အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု ဆင်းရဲသားတောင်သူ/ လက်လုပ်လက်စားများ၊ ကျပန်းများ ထိခိုက်သက်ရောက်မှု အမြင့်ဆုံး ခံရနိုင်ပါသည်။

ကျေးရွာအနေဖြင့် ဘေးအန္တရာယ် လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ ဆောင်ရွက်ထားရှိမှု အားနည်းကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့	၁☐ ၂☑ ၃☐	၃		၃	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐ ၂☑ ၃☐	၅		၅	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၁၅	၁၄	၂၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကျောင်းကော်မတီ	၁☐ ၂☑ ၃☐	၈		၈	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ကျန်းမာရေးအဖွဲ့	၁☐ ၂☑ ၃☐	၅	၂	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ရေကော်မတီ	၁☐ ၂☑ ၃☐	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၁		၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းပေါင်း (၇)ဖွဲ့ရှိပြီး အဆိုပါ အဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်မှုအားကောင်းလျက်ရှိပြီး အဖွဲ့တိုင်း၏ စွမ်းဆောင်နိုင်မှု အခြေအနေမှာ အသင့်အတင့် အနေအထား ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံး တစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မယ်ဖာလုံ ဖောင်ဒေးရှင်း	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစ်မ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ပြင်ပအဖွဲ့အစည်းနေဖြင့် ကျေးရွာသို့ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးသော အဖွဲ့(၁)ဖွဲ့သာ ရှိပါသည်။ ၎င်း၏ စွမ်းဆောင်နိုင်မှု အခြေအနေမှာ သင့် အနေအထားရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၈၀	၁၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၀	၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား			တောင်သူလတ်
၅	၁၂.၅ ဧက အထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၁၀**	**၂၂**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမရှိသော်လည်း အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၂၂)စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးရေးအတွက် ရေရရှိမှု၊ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာအနေဖြင့် စိုက်ပျိုးရေ ရရှိနိုင်မှုမရှိသဖြင့် မိုးရေတစ်မျိုးတည်းကိုသာ အဓိကအားထား၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)	ထိခိုက် သက်ရောက်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၅၀	ဧက	၃၃	၅၅	၄၀	၆	၁	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
နှမ်း	၄၀	ဧက	၁၅	၂၀	၁၈	၆	၂	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐လတ်☐ နိမ့်☑
နန္တင်း	၆၀	ဧက	၄၀	၆၀	၅၀	၆	၂	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

